# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 23 , 2022 Volume 51, Number 17


၂၃.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၉၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၃.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ပနိုင်ငံများက ဝယ်ယူရန်ကမ်းလှမ်းလာမှုကြောင့် ယခုနှစ်တွင် ကြယ်ပဲကိုးတန်ခန့် တင်ပို့နိုင်ရန်စီစဉ်နေ




မြန်မာနိုင်ငံမှထွက်ရှိသည့် ကြယ်ပဲကိုဝယ်ယူရန် ပြည်ပနိုင်ငံများက ကမ်းလှမ်းလာမှုကြောင့်ယခုနှစ်တွင် ကြယ်ပဲကိုးတန်ခန့်တင်ပို့နိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးတင်မျိုးနိုင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ကြယ်ပဲကို ဝယ်ယူရန် ယခုနှစ် ဇန်နဝါရီလကစတင်၍ ကမ်းလှမ်းနေကြောင်း၊ လက်ရှိတွင် ကြယ်ပဲတစ်တန်ကို ပြည်ပသို့တင်ပို့ထားပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ကြယ်ပဲကိုးတန်ခန့်တင်ပို့နိုင်ရန် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ကြယ်ပဲများစု ဆောင်းနေကြောင်း သိရသည်။

"ပြည်တွင်းမှာ စိုက်ကေတွေနည်းတော့ ကြယ်ပဲထွက်တဲ့ဒေသတွေကို သွားရောက်ပြီး သတ်မှတ်ထားတဲ့ တန်ချိန်ရအောင် လိုက်စုနေပါတယ်။ ပြည်ပနိုင်ငံတွေကတော့ ထွက်သမျှ ဝယ်ယူမယ်လို့ သဘောတူထားပါတယ်။ ၂၀၂၁ ခုနှစ်က ကြယ်ပဲ ခုနှစ်တန်ကို ပြည်ပတင်ပို့နိုင်ခဲ့တယ်။ ဒီနှစ်လဲ တန်ချိန် ကိုးတန်လောက်တင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနှစ် ဇန်နဝါရီလကုန်ပိုင်းမှာပဲ ပြည်ပကို ကြယ်ပဲ တစ်တန်တင်ပို့နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ တင်ပို့နိုင်ရန် လုပ်ဆောင်နေပါတယ်။ လစဉ်တော့ မတင်ပို့နိုင်ပေမဲ့ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ် တင်ပို့သွားမှာဖြစ်ပါတယ်" ဟု ဦးတင်မျိုးနိုင်က ပြောပြသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ကြယ်ပဲကို ပြည်ပက ဝယ်လက်ရှိခြင်းကြောင့် ကြယ်ပဲ အသီးခြောက် တစ်ကီလိုလျှင် ငွေကျပ် ၁၂၀၀ ဈေးပေါက်ပြီး ကြယ်ပဲအစေ့ တစ်ကီလိုလျှင်

ငွေကျပ် ၁၅၀၀ ထိဈေးပေါက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ကြယ်ပဲအများဆုံးစိုက်ပျိုးသည့် ဒေသများမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ဖေဖော်ဝါရီလ ၁၈ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီအရေအတွက် ၂၈၇ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ကြက်သွန်နီအရေအတွက် ၁၂၇ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ကြက်သွန်နီ အရေအတွက်ပိုမို၍ တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ် ကြက်သွန်နီတင်ပို့နိုင်မှု ငွေပမာဏမှာ ၄၂၇၉၀ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၂-၂-၂၀၂၂) မှ (၁၈-၂-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ အုန်းသီးခြောက်၊ မန်ကျည်းဖတ်၊ ဇီးသီးခြောက်၊ စစ်တုံ၌၊ နှမ်း၊ ကွမ်းသီး၊ ဂျင်း(အစို)၊ ဇီးဖတ်၊ ကြက်သွန်နီ၊ ဇီးယိုထုပ်၊ နန္ဒင်းတက်နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၈၃၆၀၅ ဒသမ ၆၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## တရုတ်နိုင်ငံမှာ တန်ချိန် ၈ သန်းခန့်ထိလိုအပ်နေတဲ့ ပြောင်းချဉ်ဖတ်များ ဆက်လက်တင်ပို့နိုင်ရေးလုပ်နေ



https://greenwaymyanmar.com/posts/Silage_Export



https://greenwaymyanmar.com/posts/Silage_Export



https://greenwaymyanmar.com/posts/Silage_Export

မြန်မာနိုင်ငံရဲ့ ပို့ကုန်အမယ်သစ်ဖြစ်တဲ့ ပြောင်းချဉ်ဖတ်တွေ တရုတ်နိုင်ငံကို ဆက်လက်တင်ပို့နိုင်ဖို့ ပိုင်းမော်မြို့နယ်၊ တာလောကြီးကျေးရွာမှာ ထုတ်လုပ်နေပါတယ်။ ၂၀၂၂ ဆောင်းရာသီမှာ ထွက်ပေါ်လာတဲ့ ဆောင်းပြောင်းတန်ချိန် ၃၀၀ ကိုတောင်သူတွေဆီက ဝယ်ယူထားပြီး လက်ရှိမှာတော့ ပြောင်းချဉ်ဖတ်တန်ချိန် ၃၀၀ ထုတ်လုပ်ထားတယ်လို့ ပြောင်းချဉ်ဖတ်ထုတ်လုပ်နေတဲ့ တာလောကြီးကျေးရွာရှိ Century Sun ကုမ္ပဏီမှဥက္ကဋ္ဌဖြစ်သူ ဒေါ်အားတုကပြောပါတယ်။ အဓိက ပြောင်းချဉ်ဖတ်က မွေးမြူရေးမှာ အရမ်းကောင်းတယ်။ သိမ်းထားလို့လည်း လတ်လတ်ဆတ်ဆတ်စားလို့ရတယ်။ အစာအိမ်အတွက်လည်းကောင်းတယ်။ နို့ထွက်အားလည်းကောင်းတယ်။ မြန်မာနိုင်ငံမှာအမြဲလုပ်ချင်တယ်။ ဒီလိုမျိုးစိုက်ချင်ပါတယ်၊ တာလောကြီးကျေးရွာမှာပြုလုပ်နေတဲ့ပြောင်းချဉ်ဖတ်ကတော့ အခွံပါပြောင်းဖူးခြောက်ကို နှစ်ပြန်ကြိတ်ခွဲပြီး ရေအနည်းငယ်ဖျန်းပါတယ်။ အဲ့ဒီနောက် အလေးချိန်တစ်တန်ရှိတဲ့ ကြိတ်ခွဲပြီးသားပြောင်းဖူးတွေကို ပလတ်စတစ်နဲ့လေမဝင်အောင်ထုပ်ပိုးသိမ်းဆည်းကြတာပဲဖြစ်ပါတယ်။ ထုပ်ပိုးပြီးနောက် ၄၈ ရက်ကြာပါက ပြောင်းချဉ်ဖတ်အဖြစ် ပြည်ပတင်ပို့နိုင်တာဖြစ်ပါတယ်။တရုတ်နိုင်ငံရဲ့ နွားမွေးမြူရေးလုပ်ငန်းတွေမှာ ပြောင်းချဉ်ဖတ်ကို ကိုးဆယ်ရာခိုင်နှုန်းအထိအသုံးပြုနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံစိုက်ပျိုးလို့ရတဲ့ မြေအလွတ်တွေရှိနေတာက ပြောင်းချဉ်ဖတ်ထုတ်လုပ်နိုင်တဲ့ အခွင့်အလမ်းကို ရရှိစေတယ်လို့ ထုတ်လုပ်သူတွေကဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ မြန်မာ့ပြောင်းချဉ်ဖတ်တန်ချိန် ၅၁ တန်ကို တရုတ်နိုင်ငံဘက်ကို ပထမဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီအခြေအနေကို ကုန်သွယ်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးမြင့်သူရ "ကုမ္ပဏီ ၆ ခုပေါ့။ ကုမ္ပဏီ ၆ခုကို စာချုပ်ချုပ်ပြီးတော့ ချင်းရွှေဟော်ကပို့ပါတယ်။ ကျွန်တော်တို့ဆီမှာ လာတာ

ကတော့ ချင်းရွှေဟော်စခန်းကစပို့တယ်။ သူတို့က ယူနန်ပြည်နယ်မှာ ပြောင်းချဉ်ဖတ်က တန်ချိန် ၈ မီလီယံ လောက်လိုတယ်” လို့ ပြောပါတယ်။ပြောင်းချဉ်ဖတ်တွေတင်ပို့နိုင်ဖို့ တရုတ်နိုင်ငံ GACC(General Administration of Customs of China) က လိုအပ်ချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ချက်ထဲမှာတော့ ပြောင်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးဖို့၊ ဘက်စုံ သီးနှံ ကာကွယ်ရေးစနစ်ကို ကျင့်သုံးဖို့၊ မျိုးရိုးဗီဇပြုပြင်ထားတဲ့မျိုးတွေကိုမသုံးစွဲဖို့ စတဲ့ကန့်သတ်ချက်တွေကို ထည့်သွင်းထားပါတယ်။ဒါ့အပြင် ခွာနာလျှာနာကဲ့သို့ အဓိကန္တားရောဂါ ၃ မျိုးကင်းရှင်းဖို့နဲ့ ပိုးစေးနဲ၊ ဒေါင်းနီးမှို ရောဂါ၊ စန်ခရမ်မြက်၊ နံ့စားပြောင်းရိုင်း၊ ပြောင်းစားဘီလူးအဖြူ၊ အနီ၊ ခရမ်း စတာတွေ ကင်းရှင်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြောင်းချဉ်ဖတ်တင်ပို့ဖို့ တရုတ်အစိုးရဆီကို ကုမ္ပဏီ ၈ ခုက လျှောက်ထားခဲ့ပြီး ကုမ္ပဏီ ၆ ခုသာ တရားဝင်တင်ပို့ခွင့်ရရှိခဲ့တယ်လို့ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Silage_Export

## ထွက်နှုန်းကောင်းပြီး ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်သည့်မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားမည်

ကော်ဖီအရည်အသွေးပိုင်းများ ပိုမိုတိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်သည့် မြေနိမ့်ကော်ဖီ (ဗီယက်နမ်) မျိုးကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်ကပြောပြ၍သိရသည်။

မြေနိမ့်ကော်ဖီ (ဗီယက်နမ်) မျိုးကို စိုက်ပျိုးထုတ်လုပ် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် မျိုးစေ့ကီလို ၅၀ ကို ဇုန်လေးဇုန်သို့ ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း၊ မြေနိမ့်ကော်ဖီ (ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်ရခြင်းသည် တင်သွင်း နေသည့် ပျော်လွယ်ကော်ဖီများ လျှော့ချနိုင်ရန်အတွက်ဖြစ်ပြီး ယခုနှစ်ကော်ဖီစိုက်ပျိုးရာသီ ဖွန်လမှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုး တစ်မျိုးတည်းကိုသာ စိုက်ပျိုးသွားမှာပါ။ စိုက်နိုင်ဖို့အတွက် မျိုးစေ့ ကီလို ၅၀ ကို ဇုန်လေးဇုန်ကို ဖေဖော်ဝါရီလ ပထမပတ်ထဲမှာ အားလုံးဖြန့် ပေးထားပါတယ်။ အဲဒီမျိုးကို စမ်းစိုက်ထားတာလဲရှိပြီးသားပါ။ ဖြစ်ထွန်းအောင်မြင်မှုလဲ ရှိပါ တယ်။ မြေနိမ့်ကော်ဖီအတွက် စိုက်ပျိုးသွားမှာပါ။ နိုင်ငံတွင်းမှာ ပျော်လွယ်ကော်ဖီတွေကို များများစားစားသောက် သုံးနေကြပါတယ်။ မြေနိမ့်ကော်ဖီက ပျော်လွယ်ကော်ဖီထုတ်တဲ့အခါ မှာအဓိကဖြစ်တယ်။ အဲဒါကြောင့် ပျော်လွယ်ကော်ဖီနေရာမှာ အစားထိုးနိုင်ဖို့အတွက် မြေနိမ့်ကော်ဖီ(ဗီယက်နမ်) မျိုးတွေကို စိုက်ပျိုးထုတ်လုပ်ဖို့ တိုးချဲ့စိုက်ပျိုးဖို့အတွက် လုပ်ဆောင်တာပါ။ ဒီမျိုးက အထွက်နှုန်းကောင်းတယ်။ အရည်အသွေးပိုင်းလဲကောင်းတာကြောင့် စိုက်ပျိုး သွားဖို့အတွက် လုပ်ဆောင်နေတာပါ” ဟု ဒေါ်မီမီမြင့်ကပြောပြသည်။

အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်နှင့် ရေငတ်ဒဏ်ခံနိုင်သည့် မြေနိမ့်ကော်ဖီ (ဗီယက်နမ်)မျိုးသန့်များ ရရှိစေရေးအတွက် ဇုန်လေးဇုန်ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မျိုးစေ့များကို ဖြန့်ဖြူးပေးထားပြီးဖြစ်ကာ ပျိုးထောင်သည့်စခန်းအလိုက် ပျိုးထောင်နေကြပြီဖြစ်ကြောင်း၊ ထိုမှရရှိလာမည့် ပျိုးပင် များကို ဖြန့်ဖြူး၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့သီးနှံရောင်းအား အကန့်အသတ်ဖြစ်ပေါ်ပြီး ဈေးများမြင့်တက်လာနိုင်

ကမ္ဘာပေါ်မှာ ကောက်ပဲသီးနှံ ထုတ်လုပ်အားကောင်းတဲ့ နိုင်ငံကြီးတွေဖြစ်ကြတဲ့ ရုရှားနဲ့ယူကရိန်းတို့ကြား ပဋိပက္ခမြင့်တက်လာခြင်းကြောင့် ဂျုံ၊ ပြောင်းဖူးနဲ့နေကြာဆီဝယ်လက်တွေဟာ အခြားရောင်းလက်နိုင်ငံတွေကို အစားထိုးရှာဖွေလာရဖို့ရှိနေသလို နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးနှုန်းထိရောက်နေပြီးဖြစ်တဲ့ ကမ္ဘာ့စားသောက်ကုန်စည်ဈေးကိုလည်း ဆက်လက်မြင့်တက်စေဦးမယ်လို့ ဈေးကွက်စောင့်ကြည့်သူတွေနဲ့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းအရှေ့ပိုင်းရှိ ခွဲထွက်ရေးဒေသတွေထဲကို ရုရှားတပ်တွေစေလွှတ်ဖို့ အင်္ဂါနေ့က အမိန့်ထုတ်ပြန်ပြီးနောက် ဥရောပအရှေ့မျက်နှာစာဟာ စစ်ဖြစ်လုဖြစ်ခင်အခြေအနေကို ရောက်ရှိလာပါတယ်။ ဒီအခြေအနေရဲ့ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့စတော့ရှယ်ယာဈေးတွေထိုးကျသွားပြီး ရေနံစိမ်းဈေးတွေက ထောင်တက်လာပါတယ်။

အဆိုပါနှစ်နိုင်ငံဟာ ကမ္ဘာ့ဂျုံတင်ပို့မှု ၂၉ ရာခိုင်နှုန်း၊ ပြောင်းဖူးတင်ပို့မှု ၁၉ ရာခိုင်နှုန်းနဲ့ နေကြာဆီတင်ပို့မှု ၈၀ ရာခိုင်နှုန်းတို့ကို ရောင်းချပေးနေပြီး စစ်ရေးထိတွေ့မှုတွေဖြစ်လာရင် သီးနှံသယ်ယူပို့ဆောင်ရေး ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့် ဝယ်လက်တွေဟာ ပင်လယ်နက်ဒေသကနေ သီးနှံမမှာတော့ဘဲ အခြားဒေသထွက်နဲ့ အစားထိုးဖို့ အလုအယက် ကြိုးပမ်းလာကြရဖွယ်ရှိပါတယ်။

အမေရိကန်ပြည်ထောင်စု ရှီကာဂိုးကုန်စည်ဒိုင်မှာ အင်္ဂါနေ့ကဖြစ်ပေါ်တဲ့ ဂျုံကြိုပွိုင့်ဈေးတွေ နှစ်ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သလို ပြောင်းဈေးလည်း ခုနစ်လတာအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ပါတယ်။ ပဲပုပ်ဈေးလည်း ကောင်းမြဲကောင်းလျက်ရှိပါတယ်။ အဲဒီစားသောက်ကုန်စည်နဲ့ တိရစ္ဆာန်စာကုန်ကြမ်း အဓိကသီးနှံသုံးမျိုးဟာ ကမ္ဘာ့အထွက် ကျဆင်းခြင်းနဲ့ ဝယ်အားမြင့်တက်ခြင်းတို့ကြောင့် ယမန်နှစ်အတွင်း အနိမ့်ဆုံးကျရောက်ခဲ့တဲ့ ဈေးနှုန်းနဲ့ယှဉ်မယ်ဆိုရင် ၄၀ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်လာခဲ့ကြတာပါ။ "ပင်လယ်နက်ဒေသတွင်းက ကုန်စည်တင်ပို့မှု ကမောက်ကမဖြစ်ရင် ကမ္ဘာတစ်ဝန်း သီးနှံဝယ်ယူရရှိနိုင်မှုအပေါ်မှာပါ သက်ရောက်မှုရှိလာပါလိမ့်မယ်" လို့ ဩစတြေးလျအမျိုးသားဘဏ်က လယ်ယာစီးပွားပညာရှင် ဖင်းဇီဘဲလ်က ရိုက်တာသတင်းဌာနကိုပြောပါတယ်။ "အရှေ့အလယ်ပိုင်းနဲ့ အာဖရိကတိုက်က ဝယ်လက်တွေဟာ ဝယ်ယူရရှိနိုင်မဲ့ အခြားရင်းမြစ်တွေကို ရှာဖွေလာကြပါလိမ့်မယ်" လို့ ပြောပါတယ်။

၂၀၂၁ တုန်းက ရုရှားဂျုံပို့ကုန်ရဲ့ ၇၀ ရာခိုင်နှုန်းဝန်းကျင်ဟာ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကတိုက်က ဝယ်လက်တွေဆီရောက်သွားခဲ့ကြောင်း Refinitiv အဖွဲ့ရဲ့ ပို့ကုန်စာရင်းအင်းတွေအရသိရပါတယ်။ ယခုလို ပဋိပက္ခ မြင့်တက်လာတာကြောင့် အချို့ဝယ်လက်တွေဟာ စစ်ပွဲသာစဖြစ်လာခဲ့ရင် ကုန်တင်ကုန်ချကြန့်ကြာမှုတွေ ကာလရှည်ဖြစ်သွားမလား စိုးရိမ်ပြီး ကုန်တင်သင်္ဘောတွေကို အခြားရောင်းလက်နိုင်ငံတွေဆီ လမ်းကြောင်းပြောင်းနေကြပြီလို့ ကုန်သည်တွေကပြောပါတယ်။ "စစ်မက်အန္တရာယ်ကြောင့် သင်္ဘောတွေဟာ ပင်လယ်နက်ဒေသကို ရှောင်လာကြတယ်။ ကုန်တင်ပို့ရောင်းချမှု ကမောက်ကမအခြေအနေဟာ အခုတောင် စဖြစ်နေပြီ" လို့ စင်္ကာပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

ပင်လယ်နက်ဒေသက ရောင်းကုန် ထွက်မလာဘူးဆိုရင် အမေရိကားနဲ့ ကနေဒါဆီကနေ ပေါင်မုန့်ကုန်ကြမ်း သီးနှံဖြစ်တဲ့ ဂျုံအပေါ် ဝယ်လိုအား မြင့်တက်လာနိုင်ပါတယ်။

ကမ္ဘာ့စားသောက်ကုန်ဈေးဟာ ဂျုံနဲ့ နို့ထွက်ပစ္စည်းအပေါ် ဝယ်လိုအားကောင်းနေတာကို အဓိကအမှီပြုပြီး ၁၀ နှစ်နီးပါးအတွင်း အမြင့်ဆုံးနှုန်းမှာ တဝဲလည်လည်ဖြစ်နေတယ်လို့ ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီက ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ ထုတ်ပြန်ထားပါတယ်။

ရေနံစိမ်းဈေး မြင့်တက်လာခြင်းကလည်း လယ်ယာထုတ်ကုန်ဈေးကွက်ကောင်းလာဖို့ အထောက်အပံ့ပြုဦးဖွယ် ရှိနေပါတယ်။ လယ်ယာထွက်ကုန်တွေကို အစားထိုးလောင်စာဆီအဖြစ် တိုးမြှင့်အသုံးပြုလာကြတာကြောင့်ဖြစ်ပါတယ်။

**Ref: Deepening Russia–Ukraine tensions seen curbing food supplies, lifting prices – Reuters**

**Source:** https://greenwaymyanmar.com/posts/Russia_Ukaraine_Conflict

## ပြည်ပမှတင်သွင်းလာသည့် ဝက်သားနှင့်အမဲသားတို့ကို ထုပ်ပိုးထားသောဘူးခွံများမှ ခေတ်ခွဲနမူနာယူ စစ်ဆေးရာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ဟု ဟောင်ကောင်ဒေသအာဏာပိုင်များပြောကြား

ဘရာဇီးလ်မှ တင်သွင်းသည့် အေးခဲအမဲသားများနှင့် ပိုလန်မှတင်သွင်းသည့် အေးခဲဝက်အခေါက်များကို ထုပ်ပိုးထားသည့်ဘူးခွံများအား ခေတ်ခွဲနမူနာယူ စစ်ဆေးရာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်ဟု ဟောင်ကောင်အာဏာပိုင်များက ပြောကြားခဲ့ပြီး ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုစစ်ဆေးမှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟုလည်း အာဏာပိုင်များက ကတိပြုခဲ့သည်။

ကမ္ဘာ့ဘဏ္ဍာရေးဗဟိုချက် ဟောင်ကောင်သည် တရုတ်ပြည်မကြီးကဲ့သို့ပင် ကိုရိုနာဗိုင်းရပ်စ်ကင်းစင်ရေး မဟာဗျူဟာကို တင်းတင်းကျပ်ကျပ်ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှန်သမျှကို တတ်နိုင်သမျှနည်းလမ်းမျိုးစုံဖြင့် ထိန်းချုပ်ရန် ရည်မှန်းထားသည်။ လတ်တလောတွင် ဟောင်ကောင်သည် ထိန်းချုပ်ရန် ပိုမိုခက်ခဲလာသည့် ကူးစက်မှုလှိုင်းသစ်နှင့် ရင်ဆိုင်ရလျက်ရှိရာ အာဏာပိုင်များအနေဖြင့် အထူးဂရုပြုကိုင်တွယ်ရလျက်ရှိသည်။

ယခုနှစ်တွင် ဟောင်ကောင်၌ နေ့အလိုက် ရောဂါကူးစက်သူဦးရေမှာ သိသိသာသာမြင့်တက်လာခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် နေ့အလိုက် ကူးစက်သူ ၇၅၃၃ ဦးကို စံချိန်တင်တွေ့ရှိခဲ့ပြီး အစိုးရ၏ဆေးစစ်ပေးခြင်း၊ ဆေးရုံနှင့်ကွာရန်တင်းဝင်ရန် စီစဉ်ပေးမှုများသည်လည်း မလုံမလောက်ဖြစ်နေသည့် အခြေအနေတွင်ရှိနေသည်။

စားသောက်ကုန် ဘေးကင်းလုံခြုံမှုဆိုင်ရာဗဟိုဌာန (CFS) က ဘရာဇီးလ်မှ သင်္ဘောဖြင့်တင်သွင်းလာသော စုစုပေါင်း အလေးချိန် ၂၉ တန်ရှိ အေးခဲအမဲသားဘူး ၁၁၀၀ ခန့်မှ ဓာတ်ခွဲနမူနာ ၃၆ ခုရယူကာ စစ်ဆေးခဲ့ရာတွင် အပြင်ပိုင်း ထုပ်ပိုးခွံ တစ်ခုနှင့် အတွင်းပိုင်း ထုပ်ပိုးခွံနှစ်ခု၏ ဓာတ်ခွဲနမူနာများတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်ဟု သိရသည်။ ထို့အပြင် ပိုလန်မှ သင်္ဘောဖြင့်တင်သွင်းလာသော အလေးချိန် ခုနစ်တန်ခန့်ရှိ အေးခဲ ဝက်အခေါက်ဘူး ၃၀၀ ခန့်ထဲမှ ဓာတ်ခွဲနမူနာ ၁၂ ခု ရယူစစ်ဆေးခဲ့ရာတွင် အတွင်းပိုင်း ထုပ်ပိုးခွံတစ်ခုတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်ဟု CFS က ဆိုသည်။

သို့ဖြစ်ရာ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည့် အသုတ်ထဲမှအမဲသားနှင့် ဝက်အခေါက်များကို စွန့်ပစ်ရှင်းလင်းရန် သက်ဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များကို CFS က ညွှန်ကြားထားကြောင်း ဟောင်ကောင်အစိုးရက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် CFS အနေဖြင့် အလားတူထုတ်ကုန်များအား ဓာတ်ခွဲနမူနာယူစစ်ဆေးမှုများ အရှိန်မြှင့်လုပ်ဆောင် သွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၂၀ နှစ်လယ်ပိုင်းမှစ၍ ဟောင်ကောင်အာဏာပိုင်များသည် ပြည်ပမှတင်သွင်းသည့် အေးခဲစားသောက်ကုန်များကို စိစစ် စောင့်ကြည့်မှုများ လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင်အသားစိမ်း၊ငါးစိမ်းများကို စနစ်တကျကိုင်တွယ်ရန်၊ ကျန်းမာရေး ဆိုင်ရာ ညွှန်ကြားချက်များကိုလိုက်နာရန်နှင့် အစားအစာများကို သေချာစွာချက်ပြုတ်ရန်လည်း အာဏာပိုင်များကညွှန်ကြား ချက်များ ထုတ်ပြန်ခဲ့သည်။

**Source:** https://news-eleven.com/article/226217

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကြက်သွန်နီအပါအဝင် အခြေခံစားကုန်ဈေးတွေ အတက်ကြမ်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆန်၊ ဆီ၊ သားငါး စတဲ့အခြေခံစားကုန်တွေ ဈေးမြင့်နေချိန်မှာပဲ အရင် သီတင်းပတ် က ကြက်သွန်နီဈေးတွေပါ လိုက်တက်လာတာကြောင့် စားသုံးသူတွေကြားမှာ စိုးရိမ်မှုတွေ ကြီးမားလာပါတယ်။

ပြည်တွင်းထွက်ကြက်သွန်နီဈေးဟာ ဟိုအရင်အပတ်က တစ်ကီလိုဂရမ်ကို ၂၅-၃၅ တာကာသာ ရှိခဲ့ရာကနေ အခု ၄၅-၅၅ တာကာအထိ မြင့်တက်လာပြီး ပြည်ပကနေ တင်သွင်းတဲ့ကြက်သွန်တော့ လက်လီဈေး ၅၅-၆၀ တာကာအထိ ဖြစ်လာပါတယ်။

နိုင်ငံပိုင်ကုန်သွယ်ရေးကော်ပိုရေးရှင်း TCP က ပြည်တွင်းကြက်သွန်နီဈေးဟာ ၅၀ % အထိ မြင့်တက်လာခဲ့ပြီး၊ ပြည်ပ ကြက်သွန်ဈေးကတော့ ၁၂ % ပျမ်းမျှ မြင့်လာတယ်လို့ စစ်တမ်းကောက်ယူ ဖော်ပြပါတယ်။

လက်ရှိ ဘင်္ဂလားဒေ့ရှ်ပြည်တွင်းမှာ ကြက်သွန်ပေါက်ဈေးတွေဟာ အရင်တစ်နှစ်ကနဲ့ယှဉ်ရင် ၅၀-၁၁၀ % ထိ မြင့်တက် နေတယ်လို့လည်း TCP က ပြောပါတယ်။

ပြီးခဲ့တဲ့ဇန်နဝါရီလ ကြက်သွန်အများဆုံးပေါ်ချိန်မှာ ရုတ်တရက်ပျက်စီးမှုတွေရှိခဲ့ပြီး ဒီလအစောပိုင်းမှာလည်း အချိန်အခါ မဟုတ် မိုးတွေရွာခဲ့တာနဲ့ ကြက်သွန်သွင်းကုန်ပါမစ်အသစ်တွေ ထပ်ချမပေးတော့တာတွေကြောင့် ကြက်သွန်ဈေး မြင့်တက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက ပြောပါတယ်။

အစိုးရအနေနဲ့ အခြေခံစားသောက်ကုန်တွေ ဈေးမြင့်နေချိန်မှာ ကြက်သွန်ဈေးပါ လိုက်တက်လာတဲ့အတွက် တစ်ခုခု အလေးအနက်ထား အရေးယူဆောင်ရွက်ပေးဖို့ စားသုံးသူရေးရာအသင်း ဒုဥက္ကဋ္ဌကပြောပါတယ်။

ကုန်သည်တွေက အစိုးရက ကြက်သွန်သွင်းကုန်ပါမစ်တွေ ချမပေးတော့လို့ အခုလို ဈေးတက်မှုတွေဖြစ်လာရတာလို့ ပြောပါတယ်။ ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေဟာ အိန္ဒိယကြက်သွန်တွေကို အဲဒီပါမစ်နဲ့ ဝယ်သွင်းနေတာဖြစ်ပြီး အိန္ဒိယ ကြက်သွန် ဟာ ဘင်္ဂလားကြက်သွန်၊ မြန်မာကြက်သွန်တွေထက် ဈေးလည်းပိုများပါတယ်။

ဒါကြောင့် ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေအနေနဲ့ ကြက်သွန်ဈေး ဆက်မတက်စေဖို့အတွက် ဈေးပိုသက်သာတဲ့ မြန်မာ ကြက်သွန်ကို စတင်ဝယ်ယူကြဖို့ မျှော်လင့်နေကြောင်း သွင်းကုန်သမားတစ်ဦးကပြောပါတယ်။

မွတ်စလင်တွေရဲ့ ရာမာဒန်ဥပုသ်ကာလက နောက်သီတင်းပတ် ၅ ပတ်၊ ၆ ပတ် လောက်ဆို ရောက်လာမှာဖြစ်လို့ အဲဒီအချိန်မှာ ကြက်သွန်နီဝယ်လိုအားက သုံးဆလောက် ကြီးမားလာမယ်လို့ စားသုံးသူရေးရာအသင်း ဒုဥက္ကဋ္ဌက သတိပေးထားပါတယ်။

**Ref: FE**

**Source: Current Content**

## ထိုင်းနိုင်ငံက အခွန်လွတ်သွင်းခွင့်ပေးနေလို့ မြန်မာ့ပြောင်းတွေ ဈေးကောင်းရနေ

ထိုင်းနိုင်ငံက ဒီလ ဖေဖော်ဝါရီလ ၁ ရက်ကနေစတင်ပြီး မြန်မာ့ပြောင်းတွေကို အခွန်လွတ်စနစ်နဲ့ လွတ်လပ်စွာတင်သွင်းခွင့်ပြုထားတဲ့အတွက် ပြောင်းတွေအဝယ်လိုက်ပြီး ဈေးကောင်းရနေတယ်လို့ သိရပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ လိုအပ်ချက်ရှိနေတာနဲ့အတူ ဒေါ်လာဈေးလည်း ကောင်းနေပြီး ထိုင်းနိုင်ငံပါ အခွန်လွတ်တင်သွင်းခွင့်ပြုပေးထားလို့ မြဝတီကနေတဆင့် အစာစက်ရုံတွေက ပြောင်းတွေကို ဝယ်အားကောင်းနေတယ်လို့ လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အတွင်းရေးမှူး ဦးစိုင်းဖြိုးလွင်ဦးက သတင်းတစ်ခုမှာပြောပါတယ်။

မနှစ်တုန်းက ပြည်တွင်းဈေးကွက်မှာ ပြောင်းတစ်ပိဿာကို ကျပ် ၇၀၀ လောက်သာရခဲ့ပေမယ့် အခုတော့တစ်ပိဿာကို ကျပ် ၉၀၀ နားအထိ ရနေပြီး မြဝတီဈေးကွက်မှာဆိုရင် ၉၅၀ ကျပ်အထိ ရနေတယ်လို့ဆိုပါတယ်။

မြန်မာ့ပြောင်းတွေကို ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ကို တင်ပို့လေ့ရှိပြီးထိုင်းနိုင်ငံက အများဆုံးဝယ်ယူကြောင်း၊ မနှစ်က ထိုင်းနိုင်ငံက ပြည်တွင်းပြောင်းများကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးဖိုးခန့် ဝယ်ယူခဲ့ကြောင်းသိရပါတယ်။

**Source: Current Content**

## ဖေဖော်ဝါရီလ တတိယရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၏ နီကယ်ဒြပ်စင်ဈေးနှုန်း သိသိသာသာမြင့်တက်ခဲ့

ဖေဖော်ဝါရီလ တတိယရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၏ နီကယ်ဒြပ်စင် ဈေးနှုန်းများမှာ အစပိုင်းတွင် ကျဆင်းခဲ့သော်လည်း၊ ရက်သတ္တနောင်းပိုင်းတွင် ပြန်လည် မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ဖေဖော်ဝါရီလ (၁၈)ရက်နေ့၌ ဖြစ်ပေါ်ခဲ့သည့် နီကယ် ဒြပ်စင်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၇၉,၃၃၃.၃၃) ဖြစ်ပြီး၊ ရက်သတ္တအစောပိုင်း ကထက် (၀.၉) ရာခိုင်နှုန်း၊ ယခင်နှစ်ကထက် (၂၈.၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။




SunSirs မှ အချက်အလက်များအရ ပြီးခဲ့သည့် ရက်သတ္တပတ် (၁၂)ပတ်အတွင်း (၇) ပတ်တွင် ဈေးနှုန်းမြင့်တက်ခဲ့ကာ၊ (၃)ပတ်တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး၊ ကျန်(၁)ပတ်တွင် ဈေးနှုန်းတန့်နေခဲ့ပါသည်။ ထို့ကြောင့် မကြာသေးမီကာလအတွင်း နီကယ်ဈေးနှုန်းလမ်းကြောင်းမှာ အားကောင်းနေသည်ကို တွေ့ရပါသည်။

ကွမ်ရှီး၊ တီရန်ကျင်းနှင့် ရှန်တုန်းပြည်နယ်များရှိ လုပ်ငန်းများမှာ ၂၀၂၂ ခုနှစ်မှစ၍ ထုတ်လုပ်မှုကို ရပ်ဆိုင်းထားကြပြီး၊ ဂန်းဆု၊ ကျိုလင်နှင့်ရှင်းကျန်းပြည်နယ်များမှ လုပ်ငန်းများမှာမူ နွေဦးရာသီပွဲတော်ကာလအတွင်း ပုံမှန်ထုတ်လုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ယခုနှစ် ဇန်နဝါရီလအတွင်း သန့်စင်ပြီးနီကယ်ထုတ်လုပ်မှုမှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကထက် (၁၃.၈၆) ရာခိုင်နှုန်းနှင့် ယခင်နှစ်ကထက် (၃.၉၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း 300 series သံမဏိအကြမ်းထုတ်လုပ်မှုမှာ တန်ချိန် (၁.၂၅၆၆)သန်းရှိခဲ့ပြီး၊ ဇန်နဝါရီလကထက် (၁.၁) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ယခင်နှစ် အလားတူကာလကထက် (၁၁) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ဖေဖော်ဝါရီ

လအတွင်း သတ္တုစပ် ထုတ်လုပ်မှုမှာ တန်ချိန် (၆၄,၅၀၀)ခန့်ရှိမည်ဟုခန့်မှန်းရပြီး ယခင်လကထက် (၁.၁) ရာခိုင် နှုန်းနှင့် ယခင်နှစ်ကထက် (၅၁) ရာခိုင်နှုန်း ပိုမိုနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လက်ရှိအချိန်၌ နီကယ်သတ္တုရှားနေပြီး၊ စွမ်းအင်အသစ်သုံး ယာဉ်များကို ပိုမိုထုတ်လုပ်လာသဖြင့် ဘက်ထရီများအတွက် နီကယ်သတ္တုဝယ်လိုအား ကောင်းနေပါသည်။ သတ္တုဈေးနှုန်းအားကောင်းနေခြင်းကြောင့် ကုန်ချောထုတ်လုပ်သည့်ဘက်၌ အမြတ်ရရှိမှု နည်းပါးလာနိုင်ပြီး၊ မတ်လအတွင်း နီကယ်ဘက်ထရီဓာတု ပစ္စည်းအဖြစ် အသုံးပြုနိုင်မည့် nickel matte တန်ချိန် (၁)ထောင်ခန့်ကို ဈေးကွက်အတွင်း ရရှိနိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ သို့ရာတွင် nickel matte ပမာဏများများကို မရနိုင်သမျှ နီကယ်ဒြပ်စင်လိုအပ်ချက်ကြောင့် ဈေးနှုန်းမှာအမြင့်ပိုင်း၌ပင် ဆက်လက်ရှိနေဦးမည် ဖြစ်ပါသည်။

Source: **SunSirs** (၂၁-၂-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## စင်ကာပူနိုင်ငံအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှစည်းကြပ်ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ခြင်း

စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှစည်းကြပ်ကောက်ခံလျက်ရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods & Services Tax – GST)၊ လူပုဂ္ဂိုလ်ဝင်ငွေခွန် (Personal Income Tax)၊ တန်ဖိုးမြင့် မော်တော်ကားများဝယ်ယူအသုံးပြုမှုအပေါ် ပေးဆောင်ရသော အပိုမှတ်ပုံတင်ကြေး (Additional Registration Fee – ARF)၊ ကာဗွန်ခွန် (Carbon Tax)၊ လုပ်ငန်းဝင်ငွေခွန် (Corporate Tax) တို့ကို ပြောင်းလဲကောက်ခံသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီး Mr Lawrence Wong က စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်အား ပါလီမန်သို့ ၁၈ – ၂ – ၂၀၂၂ ရက်နေ့တွင် တင်ပြဆွေးနွေးခဲ့ချိန်၌ ထည့်သွင်းပြောကြားခဲ့ပါသည်။

ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods & Services Tax – GST) ကို လက်ရှိစည်းကြပ် ကောက်ခံနေသည့် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနိုင်ရန် အဆင့်(၂)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ၁ – ၁ – ၂၀၂၃ ရက်နေ့မှစ၍ ၈ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး၊ ဒုတိယအဆင့်အနေဖြင့် ၁ – ၁ – ၂၀၂၄ ရက်နေ့မှစ၍ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ဤသို့ GST တိုးမြှင့်ကောက်ခံခြင်းဖြင့် အစိုးရ၏ဝင်ငွေသည် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃.၅ ဘီလီယံနီးပါး (စင်ကာပူ၏ GDP ၏ ၀.၇ ရာခိုင်နှုန်းခန့်) တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

လူပုဂ္ဂိုလ်များ၏ ဝင်ငွေရရှိမှုအပေါ် ကောက်ခံသည့်အခွန် (Personal Income Tax) ကို ၂၀၂၄ ခုနှစ်၊ အခွန်စည်းကြပ်သည့်နှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ အခွန်စည်းကြပ်သည့်နှစ်မှာ ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့သော လူပုဂ္ဂိုလ်၏ဝင်ငွေအပေါ် သတ်မှတ် နှုန်းထားအလိုက်တွက်ချက်ကောက်ခံခြင်းဖြစ်ပါသည်။ ဝင်ငွေပမာဏ စင်ကာပူဒေါ်လာ ၅ သိန်းအထက်မှ တစ်သန်းအထိရရှိသူများအပေါ် ၂၃ ရာခိုင်နှုန်းနှင့် စင်ကာပူဒေါ်လာတစ်သန်းအထက် ဝင်ငွေရှိသူများအပေါ် ၂၄ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံသွားမည်ဖြစ်ပါသည်။ လက်ရှိတွင် စင်ကာပူ ဒေါ်လာ ၃၂၀,၀၀၀ အထက်ဝင်ငွေရရှိသူများအား သတ်မှတ်ချက်အလိုက် ၂၂ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိပါသည်။ Personal Income Tax တိုးမြှင့်ကောက်ခံသွားမည့် အစီအစဉ် ကြောင့် ဝင်ငွေခွန်ပေးဆောင်နေရသူများအနက်မှ အများဆုံးပေးဆောင်နေရသည့် ထိပ်ပိုင်း ၁.၂ ရာခိုင်နှုန်းရှိသော ဝင်ငွေခွန်ပေးဆောင်နေရသူများအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ အစိုးရသည် တစ်နှစ်လျှင် ဝင်ငွေခွန် စင်ကာပူဒေါ်လာ ၁၇၀ သန်း ပိုမိုကောက်ခံသွားနိုင်မည်ဟု ခန့်မှန်းထားပါသည်။

အိမ်ရာအဆောက်အအုံပိုင်ဆိုင်မှုအပေါ်စည်းကြပ်ကောက်ခံသောအခွန် (Residential Property Tax) ကိုလည်း ၂၀၂၃ ခုနှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ပိုင်ရှင်နေထိုင်အသုံးပြုမှု မရှိသောအိမ်ရာအဆောက်အအုံများ (Non-owner-occupied residential properties) အား လက်ရှိ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း စည်းကြပ်ကောက်ခံနေရာမှ ၁၂ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းအတွင်း ကောက်ခံသွားမည်ဖြစ်ပါသည်။ ထို့ပြင် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၀,၀၀၀ အထက် တန်ဖိုးရှိသည့် ပိုင်ရှင်နေထိုင်အသုံးပြုမှုရှိသောအိမ်ရာအဆောက်အအုံများ (Owner-occupied residential properties) အား လက်ရှိ ၄ ရာခိုင်နှုန်းမှ

၁၆ ရာခိုင်နှုန်းအတွင်း စည်းကြပ်ကောက်ခံနေရာမှ ၆ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအတွင်း တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ပါသည်။ ထိုသို့ အခွန်တိုးမြှင့်ကောက်ခံခြင်းမှ တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၈၀ သန်းခန့်ရရှိမည်ဖြစ်ပါသည်။

တန်ဖိုးမြင့်မော်တော်ကားများဝယ်ယူအသုံးပြုမှုအပေါ် ပေးဆောင်ရသော အပိုမှတ်ပုံတင်ကြေး (Additional Registration Fee – ARF) အသစ်တစ်ခုကိုလည်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံမှုမပြုမီ မော်တော်ကား၏ တန်ဖိုး (Open Market Valve – OMV) သည် စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်ပါက စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်သော တန်ဖိုးအပေါ် ၂၂၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ပါသည်။ လက်ရှိတွင် OMV တန်ဖိုး စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်ပါက စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်သောပမာဏအပေါ် ၁၈၀ ရာခိုင်နှုန်းကောက်ခံလျက်ရှိပါသည်။ ယင်းကဲ့သို့ အပိုမှတ်ပုံတင်ကြေး ထပ်မံကောက်ခံခြင်းဖြင့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာသန်း ၅၀ ပိုမိုရရှိမည်ဖြစ်ပါသည်။

စင်ကာပူအစိုးရသည် လက်ရှိတွင် ကာဗွန်ခွန် (Carbon Tax) ကို ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တစ်တန်လျှင် စင်ကာပူဒေါ်လာ ၅ ဒေါ်လာနှုန်းဖြင့် ကောက်ခံလျက်ရှိပြီး၊ ၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူဒေါ်လာ ၅၀ မှ ၈၀ အထိ တိုးမြှင့်ကောက်ခံသွားနိုင်ရန်အတွက် အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Carbon Tax ကို ၂၀၂၄ ခုနှစ်မှစ၍ တစ်တန်လျှင် စင်ကာပူဒေါ်လာ ၂၅ ကောက်ခံမည်ဖြစ်ကာ ၂၀၂၆ ခုနှစ်မှစ၍ စင်ကာပူဒေါ်လာ ၄၅ သို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေအပေါ်ကောက်ခံသည့် လုပ်ငန်းဝင်ငွေခွန် (Corporate Tax) ကိုမူ ကမ္ဘာလုံးဆိုင်ရာ အခွန်ကောက်ခံမှုစနစ် တိုးတက်ပြောင်းလဲမှုအခြေအနေများအပေါ်မူတည်၍ လေ့လာမှုများဆက်လက်ပြုလုပ်ကာ ပြောင်းလဲကောက်ခံသွားရန် အဆင်သင့်ဖြစ်မည့်အချိန်တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်စာရင်းအရ ဝင်ငွေစုစုပေါင်းမှာ စင်ကာပူဒေါ်လာ ၁၀၅.၇၁ ဘီလီယံရှိပြီး၊ အသုံးစရိတ် စုစုပေါင်း စင်ကာပူဒေါ်လာ ၁၀၈.၇၅ ဘီလီယံရှိသည့်အတွက် ဘတ်ဂျက်လိုငွေ စင်ကာပူဒေါ်လာ ၃.၀၄ ဘီလီယံပေါ်ပေါက်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: Ministry of Finance, Singapore, The Straits Times**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## STOCK EXCHANGE (23.2.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 94 | 770,800 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 210 | 620,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 10 | 80,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 2,528 | 48,032,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 31 | 80,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,800 | -150 | -5.08% | 2,950 | 2,950 | 2,800 | 18 | 50,850 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | -200 | -3.85% | 5,000 | 5,000 | 5,000 | 16 | 80,000 | 10,497,598 | 52,488 |

## Market summary

As of 23rd Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.89 | -2.56 | -0.67% | 382.45 | 382.45 | 378.77 | 2,907 | 49,714,300 | 7 | 660,869 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 23rd Feb. 2022

| MYANPIX | 379.89 ▼ 2.56 |
|---|---|
| Total Volume (shares) | 2,907 |
| Total Value (MMK) | 50 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,869 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,800 | ▼ 150 |
| AMATA | 00007 | 5,000 | ▼ 200 |